OFFICE OF THE SUPREME HEADQUARTERS
KAREN NATIONAL UNION
KAWTHOOLEI
www.knuhq.org

---

သို့

သဘာပတိ
UNFC ပထမအကြိမ်ညီလာခံ။

အကြောင်းအရာ။ ။ **UNFC အဖွဲ့ဝင်အဖြစ်ပါဝင်မှုမှ ရပ်ဆိုင်းကြောင်းအသိပေး အကြောင်းကြားခြင်း။**

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစုပေါင်းလုပ်ဆောင်ရာတွင် ပိုမိုအင်အားကောင်းမွန်စွာဖြင့် ဆောင်ရွက်နိုင်ရန် UNFC ၏ အဓိကကျသော အားနည်းချက်များကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် သုံးသပ်ထားသော စာတမ်းတစ်စောင်အား KNU ကရင်အမျိုးသားအစည်းအရုံးမှ UNFC ပထမအကြိမ် ညီလာခံ သို့တင်သွင်းခဲ့ပါသည်။

၂။ ယင်းအကြံပြုချက်စာတမ်းသည် လက်ရှိနိုင်ငံရေးအခြေအနေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးတို့အနေအထားနှင့် ကိုက်ညီသော ပူးပေါင်းဆောင်ရွက်မှုသဘောတရားနှင့် ရပ်တည်မှု အခြေခံမူများနှင့်လုပ်ငန်းအခြေခံမူများပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမို အင်အားတောင့်တင်းစွာဖြင့် မှန်ကန်သည့် အခြေခံအပေါ်တွင် ပူးပေါင်းလုပ်ဆောင်နိုင်မည့်အကြံပြုချက်များ ပါဝင်ပါသည်။

၃။ UNFC မှ လက်ရှိနိုင်ငံရေးအခြေအနေနှင့်ကိုက်ညီသော ပြုပြင်ပြောင်းလဲမှုမပြုလုပ်ပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကိုထိခိုက်စေနိုင်သည်ဟု ကော်သူးလေ- ကရင်အမျိုးသားအစည်းအရုံးမှ မှတ်ယူထားပါသည်။

၃။ အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုခု၏ အချုပ်အခြာအာဏာပိုင်မှုကို ထိခိုက်သည့် ဖွဲ့စည်းလုပ်ဆောင်မှုတို့ကို ကော်သူးလေ - ကရင်အမျိုးသားအစည်းအရုံးမှ လုံးဝလက်ခံနိုင်ခြင်းမရှိပါ။

၄။ ယင်းကိစ္စအား အကြေအလည်ဆွေးနွေးနိုင်ခြင်းမရှိတော့သဖြင့် ကော်သူးလေ - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်ဤညီလာခံအားဆက်လက်တက်ရောက်ရန် အကြောင်းမရှိတော့ပါသဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်အသိပေး အကြောင်းကြားအပ်ပါသည်။

က။ UNFC သို့ကိုယ်စားလှယ်အဖြစ်စေလွှတ်ထားသော ကော်သူးလေကိုယ်စားလှယ်များအား ရုပ်သိမ်းခြင်း။

ခ။ ယခုညီလာခံသို့တက်ရောက်သည့် ကော်သူးလေကိုယ်စားလှယ်၊ လေ့လာသူ၊ ရုံးတာဝန်ခံအားလုံး ဤ ညီလာခံတွင်ပါဝင်မှုရုပ်သိမ်းခြင်း။

ဂ။ ရှေ့ညီလာခံသက်တမ်းအတွက်တာဝန်ထမ်းဆောင်မည့်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ယူမည့် ကိုယ်စားလှယ်များကိုလည်း မစေလွှတ်တော့ခြင်း။

ဃ။ ရှေ့ဆက်လက်၍ UNFC တွင်ပါဝင်ခြင်း၊ မပါဝင်ခြင်းအား KNU ကရင်အမျိုးသားအစည်းအရုံး၏ အချုပ်အခြာအာဏာပိုင်ဖြစ်သော ဗဟိုကော်မတီတွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်သည်။

31/၈-2014

(စောမူတူးစေးဖိုး)
အဖွဲ့ခေါင်းဆောင်
KNU - ကရင်အမျိုးသားအစည်းအရုံးကိုယ်စားလှယ်အဖွဲ့
UNFC ပထမအကြိမ်ညီလာခံ
သက္ကရာဇ် ၂၀၁၄ ဩဂုတ်လ (၃၁) ရက်။